**မဲခေါင်-ကိုရီးယားပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ အစီအစဉ်အရ ဖွင့်လှစ်သည့် "Training on Data Visualization with R Studio Software" သင်တန်း**

**သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ**

**"Training on Data Visualization with R Studio Software"** သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၅-၉-၂၀၂၂ ရက်နေ့ နေ့လယ် (၁၂:၀၀)နာရီ အချိန်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦး မှ တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့ပါသည်။ အဆိုပါ သင်တန်းကို ၅-၉-၂၀၂၂ ရက်နေ့မှ ၁၆-၉-၂၀၂၂ ရက်နေ့အထိ ရုံးအမှတ် (၃၂)၊ ဗဟိုစာရင်းအင်းအဖွဲ့၏ သင်တန်းခန်းမ၌ ၁၀ ရက်ကြာ ဖွင့်လှစ် ပို့ချမည်ဖြစ်ပြီး သင်တန်းနည်းပြဖြစ်သူ ဆရာမဒေါ်ဝင်းဝင်းနွယ်က သင်ကြားပို့ချမည်ဖြစ်ပါသည်။

**သင်တန်းဖွင့်လှစ်ရသည့် အဓိကရည်ရွယ်ချက်များမှာ-**

စာရင်းအင်းဆိုင်ရာအချက်အလက်များ စီမံခန့်ခွဲခြင်းလုပ်ငန်းစဉ်များနှင့် စာရင်းအင်းဆိုင်ရာ အချက်အလက်များ ဆန်းစစ်ခြင်းအတွက် အခြေခံကျသောလုပ်ဆောင်ချက်များ တိုးတက်မှုရရှိစေရန်၊ စာရင်းအင်းဆိုင်ရာနည်းပညာရပ်များကို စနစ်တကျအသုံးချတတ်စေရန်၊ သင့်လျော်သောစိစစ်ချက်များနှင့်အချက်အလက်များ စုဆောင်းခြင်းနည်းလမ်းများကို ရွေးချယ်တတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပါသည်။

**သင်ကြားပို့ချမည့် ဘာသာရပ်ဆိုင်ရာများမှာ-**

Introduction to Data and Statistics, Basic and Advance Data Management in R & R Studio, Structuring Data, Entering Data, Importing/ Exporting Data, Transforming Data, Exploring Graphs, Charts & Plots, Making frequency Tables & Cross– Tables and Testing and Analyzing Data တို့ဖြစ်ပါသည်။ အဆိုပါ သင်ခန်းစာများအား Statistical Software ဖြစ်သည့် R Software ဖြင့်လက်တွေ့အသုံးချနိုင်ရန် သင်ကြားပို့ချမည်ဖြစ်ပါသည်။

အဆိုပါသင်တန်းသို့ ဗဟိုစာရင်းအင်းအဖွဲ့ ရုံးချုပ်မှ (၂၂) ဦး၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနမှ (၃)ဦး နဲ့ ပင်စင်ဦးစီးဌာနမှ (၃)ဦး စုစုပေါင်း အရာထမ်း ၊ အမှုထမ်း (၂၈) ဦး တက်ရောက်ပါသည်။ (သတင်းစဉ်)